ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၁၅)

နေ့စွဲ – ၈.၇. ၂၀၁၂

## ရှင်ပြန်ထမြောက်ခြင်းတကြိမ်သာရှိမည့်အကြောင်း

(One Resurrection)

ဗျာဒိတ် ၂၀:၅ က “ပထမထမြောက်ခြင်း”ဟုပြောထားပါသည်၊ ထို့ကြောင့် လူအများက ဒုတိယထမြောက်ခြင်းလည်း ရှိဦးမည်ဟု ယူဆနေကြခြင်းဖြစ်သည်။ အခြားကျမ်းပိုဒ်တို့ထက် ဤကျမ်းပိုဒ်ကို ကိုးကားကြလျှက်၊ နောက်ဆုံးသောအချိန်တွင် တကြိမ်မကသော ကိုယ်ခန္ဓာအားဖြင့် ထမြောက်ခြင်းရှိမည်ဟု သင်နေကြခြင်းဖြစ်သည်။ ပရီမီလေးနီးယမ်းဝါဒက ထမြောက်ခြင်း နှစ်ကြိမ်ရှိသည်ဟုပြောလျှက်၊ ဒစ်စပင်ဆေးရှင်းဝါဒက သုံးကြိမ် (သို့) လေးကြိမ်ရှိမည်ဟု ပြောနေပါသည်။

ဥပမာ၊ ပရီမီလေးနီးယမ်းတို့က သန့်ရှင်းသူတို့သည် နှစ်တထောင်ကာလမတိုင်မှီ ထမြောက်ကြမည်၊ အခြားသူများအားလုံး ကမ္ဘာကြီးအဆုံးသတ်တွင် ထမြောက်ကြမည် – ထိုနှစ်ခုသည် ကြားတွင် နှစ်တထောင်ကာလ ကြာမည်ဟု ပြောနေကြပါသည်။ ပရီမီလေးနီးယမ်းဝါဒီတို့က ဓမ္မဟောင်းကာလနှင့်ဓမ္မသစ်ကာလမှ သန့်ရှင်းသူတို့သည် နှစ်တထောင်ကာလအစတွင် ထမြောက်ကြကာ၊ ခရစ်တော်နှင့်အတူ နှစ်တထောင်ကာလတွင် ကမ္ဘာပေါ်၌ အုပ်စိုးကြမည်ဟု သင်ပေးကြသည်။

ကျမ်းစာက ရှင်ပြန်ထမြောက်ခြင်းတကြိမ်သာရှိသည်ဟု သင်ပေးပါသည်၊ လူသေအားလုံး ကမ္ဘာကြီး၏အဆုံးသတ်တွင် တကြိမ်သာ ထမြောက်ကြပါမည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ထို့နောက် အားလုံး ဘုရားသခင့်တရားစီရင်ခြင်းခုံရုံးရှေ့၌ ရပ်ကြရပါမည်၊ သူတို့၏ ရှင်ပြန်ထမြောက်ခြင်းကိုယ်ခန္ဓာကို ရကြမည်၊ ထို့နောက် လက်ဆောင်များကို ကျေးဇူးတော်ကြောင့်သော်၄င်း၊ အလုပ်များကြောင့်သော်၄င်း ရကြပါမည်။ ထိုသို့ ကျမ်းစာက အသေအချာသင်ပေးသည်ဟု ကျွန်တော်တို့ သေချာစွာသိကြပါသည်။ ယောဟန် ၅:၂၈၊ ၂၉ တွင် အားလုံးဆိုသောစကားလုံးဖြင့် ပြောပြပါသည်။ တမန် ၂၄:၁၅ တွင်လည်း တကြိမ်ထမြောက်ခြင်းအကြောင်းကို ပြောထားပါသည်၊ ဖြောင့်မတ်သူများရော၊ မဖြောင့်မတ်သူများပါ တကြိမ်တည်းတွင် ထကြမည်ဖြစ်ည်။

ယောဟန် ၆ တွင် သခင်ယေရှုက ယုံကြည်သူတို့၏ထမြောက်ခြင်းသည် နောက်ဆုံးသောနေ့တွင်ဖြစ်မည်ဟု လေးကြိမ်ပြောပါသည်၊ နှစ်တထောင်ခေတ်မတိုင်မှီ မဟုတ်ပါ (အငယ် ၃၉၊ ၄၀၊ ၄၄၊ ၅၄)။ “နောက်ဆုံးနေ့”ဆိုသည့်စကားလုံးက ကျမ်းစာတွင် အမြဲတမ်း နိဂုံးချုပ်အဆုံးသတ်ကိုသာ ရည်ညွှန်းလေ့ရှိပါသည် (ယော ၆:၄၀၊ ယော ၁၁:၂၄၊ ယော ၁၂:၄၈)။

ထိုသို့ဆိုလျှင် ဗျာ ၂၀ ကပြောသော ပထမထမြောက်ခြင်းဆိုသည်က ဘာကိုပြောချင်သနည်း? ပထမထမြောက်ခြင်းဆိုသည်မှာ သေသည့်အခါ သေသူတို့၏ဝိညာဉ်များကို ခရစ်တော်နှင့်အတူရှိနေရန် ခေါ်သွားလျှက်၊ ထိုနေရာတွင် ကမ္ဘာဆုံးချိန်အထိ ကိုယ်ခန္ဓာမပါဘဲ၊ ခရစ်တော်နှင့်အတူ စိုးစံနေရခြင်းအခြေအနေကို ဆိုလိုပါသည်။ ကမ္ဘာအဆုံးသတ်ချိန်တွင် သူတို့၏ကိုယ်ခန္ဓာများသည် ဒုတိယထမြောက်ခြင်းအဖြစ် ထမြောက်ကြပါမည်။ ထိုသို့ ကျွန်တော်တို့ ယုံကြည်ရသည့်အကြောင်းအရင်း အတော်များများရှိပါသည်၊–

ပထမ၊ ဗျာဒိတ်ကျမ်း ၂၀:၄ က တကယ်ပြောနေသည်မှာ ဝိညာဉ်များဖြစ်ပါသည်။ အတော်လေးစိတ်ဝင်စားစရာကောင်းသည်မှာ၊ ဗျာဒိတ်ကျမ်း ၂၀ အား အရှိကိုအရှိအတိုင်း အဓိပ္ပါယ်ယူရမည်ဟု အသံကျယ်နှင့်အော်ဟစ်နေကြသူ၊ ပရီမီလေးနီးယမ်းဝါဒီများနှင့် ဒစ်စပင်ဆေး ရှင်းဝါဒီများက၊ ဤကျမ်းပိုဒ်၌ပါဝင်သော ဝိညာဉ်များကိုတော့ အရှိအရှိအတိုင်း မယူချင်ကြဘဲ၊ တကယ့်ပြည့်စုံသောလူသားပုဂ္ဂိုလ်များဟု ပြောနေကြခြင်းဖြစ်ပါသည်။ သူတို့က ထို ဝိညာဉ်များ ဆိုသည်မှာ နှစ်ပေါင်းတထောင်မတိုင်မှီ ကိုယ်ခန္ဓာနှင့် ထမြောက်ကြသည့် ယုံကြည်သူများဖြစ်ကြသည်၊ သူတို့၏ထမြောက်ပြီးဝိညာဏကိုယ်ခန္ဓာနှင့် နှစ်ပေါင်းတထောင် ခရစ်တော်နှင့်အတူ စိုးစံကြမည်ဟု ပြောနေခြင်းသည်၊ သူတို့၏အယူအဆကို သူတို့ဘာသာ ငြင်းနေကြခြင်းသာ ဖြစ်နေပါသည်။

ကျမ်းစာတွင် တခါတရံ ဝိညာဉ်ဆိုသောစကားလုံးကို တကယ့်လူသားများအဖြစ်မှတ်ယူကြသည်များလည်း ရှိနေပါသည် (ကမ္ဘာ ၂:၇၊ ၄၆:၂၆–၂၇)၊ သို့သော် ထိုသို့ မှတ်ယူသည့်အခါတိုင်း၊ “ပုဂ္ဂိုလ်”ဆိုသောစကားလုံးကို အဓိပ္ပါယ်မပြောင်းလဲဘဲ“ဝိညာဉ်” နှင့်အစားထိုးလေ့ရှိပါသည်။ ထိုသို့အစားထိုးခြင်းသည် ဗျာဒိတ် ၂၀ တွင်မဖြစ်နိုင်ပါ။ ဗျာဒိတ် ၂၀:၄ ကို အစားထိုလိုက်လျှင် ဤသို့ဖြစ်လာပါမည်၊ “ယေရှုအတွက် သက်သေခံ၍ ခေါင်းဖြတ်ထားခြင်းခံရသော ပုဂ္ဂိုလ်များကို ငါတွေ့သည်။” (ခေါင်းပြတ်နေသော လူများ သွားလာနေကြသည်ကိုတွေ့သည်ဟု ပြောရာရောက်ပါမည်)

ဒုတိယ၊ ဗျာဒိတ် ၂၀ က သေခြင်းနှစ်မျိုးကိုလည်း ပြောပြပါသည်(၁၄)။ ဒုတိယသေခြင်းသည် ကိုယ်ခန္ဓာသေခြင်းမဟုတ်ပါ၊ ဝိညာဉ် ငရဲတွင် ထာဝရဝေဒနာခံစားရခြင်းကို ပြောနေပါသည်။ အဘယ့်ကြောင့် ထမြောက်ခြင်းနှစ်ခုလုံးသည် ကိုယ်ခန္ဓာထမြောက်ခြင်း ဖြစ်ရပါမည်နည်း?

တတိယ၊ ကျမ်းစာက ကျမ်းပိုဒ်အမြောက်အများတွင် ဝိညာဉ်အသက်တာသစ်ကို ရှင်ပြန်ထမြောက်ခြင်းစကားလုံးဖြင့်ဖော်ပြနေပါသည် (ယော ၅:၂၄–၂၅၊ ၁၁:၂၅–၂၆၊ ရောမ ၆:၁၃၊ ဖေက် ၂:၅၊ ကော ၂:၁၂)။ ထို့ကြောင့် ခရစ်တော်က ယုံကြည်သူတို့၏ဝိညာဉ်များကို သေဆုံးသည်နှင့် သူ့ထံလက်ခံတော်မူခြင်းကို ဗျာဒိတ်ကျမ်း ၂၀က “ရှင်ပြန်ထမြောက်ခြင်း”ဟုပြောနေသည်ကို ဘာကြောင့် အထူးတဆန်းလုပ်နေပါမည်နည်း?

ထို့ကြောင့် ကျွန်တော်တို့က ခရစ်တော်၏တခါတည်းသာပြန်လာခြင်း၊ ကိုယ်ခန္ဓာများ တခါတည်းသာပြန်လည်ထမြောက်ခြင်းနှင့် တစုတည်းသောထာဝရမျှော်လင့်ခြင်းတို့ကို ယုံကြည်ကြပါသည်။

## သေခြင်းအကြောင်း(Death)

သေခြင်းသည် ရန်သူတဦးဖြစ်ကြောင်း သံသယဖြစ်စရာ မရှိပါ – နောက်ဆုံးရန်သူ ဖြစ်ပါသည် (၁ကော ၁၅း၂၆)။ ကျွန်တော်တို့ သေခြင်းကိုကြောက်ကြသည်။ မခံစားဘူးသေးသောကြောင့်သာ မကပါ။ သေပြီးနောက်ပိုင်း ဘယ်လိုဖြစ်ကြသည်ကို မည်သူမှ သေပြီး ပြန်လာပြောပြကြသူ မရှိပါ။ သို့သော် ကျွန်တော်တို့ သေခြင်းကို ကြောက်လန့်ကြရခြင်းမှာ၊ ၄င်းသည် အပြစ်၏အဖိုးအခဟု အားလုံးက သိနားလည်နေကြ၍ဖြစ်ပါသည် (ရောမ ၆း၂၃)။ သေခြင်းဆိုသည်မှာ သူ့ကိုဆန့်ကျင်ပုန်ကန်သူများအပေါ် ချမှတ်သော ဘုရားသခင်၏တရားစီရင်ချက် ဖြစ်သောကြောင့် ကြောက်နေကြရခြင်းဖြစ်ပါသည်။

ထို့ကြောင့် သေခြင်း၏ ထိတ်လန့်ကြောက်ရွံ့စရာကောင်းမှုနှင့် ပျက်သုန်းရခြင်းအဖြစ်ကို ဖုံးဖိရန် ကြိုးစားကြသော အဖြစ်များအားလုံးကို အံ့ဩဖို့မလိုအပ်ပါ။ ထို့အပြင် သေခြင်းနှင့်ထိတ်တိုက်တွေ့ရမည့်အဖြစ်မှ ပေါ်လာသော သူတို့၏ဝမ်းနည်းမှုများကို အများစုကြီးက ပျော်ပါးသောက်စားမှုများဖြင့် လျှော့ပါးရလေအောင် ကြိုးစားကြခြင်းကိုလည်း အံ့ဩစရာအကြောင်း မရှိပါ။ တကယ့် သေခါနီးချိန်များတွင်ပင်၊ သူတို့သည် သေခြင်းအကြောင်းကို မတွေးချင်ကြပါ၊ (သို့) မပြောချင်ကြပါ၊ အများစုကတော့ သူတို့သည် သေနေကြခြင်းမဟုတ်ပါဟု ငြင်းဆန်နေတတ်ကြခြင်းသာဖြစ်ပါသည်၊ တကယ်တမ်းတွင် ပျောက်ရန် ကုစရာနည်းလမ်းလည်း မရှိ၊ အကူအညီမဲ့မှုသာ ရှိနေပါသည်။

ဘုရားသခင်အား မကြောက်ရွံ့မရှိသေသူများက သေခြင်းကို ဖန်ဆင်းခြင်းထဲ တွေ့ကြသောအခါ၊ “အသန်မာဆုံးများသာဆက်လက်ရှင်သန်ကြသည်”(the survival of the fittest)ဟုပြောတတ်ကြသည်၊ ထို့အတူ “သဘာဝတရားကြီး၏ နီရဲသော သွားများနှင့်လက်သည်းများ”(nature red in tooth and claw)ဟုလည်း ကဗျာဖွဲ့၍ ပြောတတ်ကြပါသည်။ ထိုသို့ပြောကြရခြင်းမှာ သေခြင်းသည် သဘာဝမဟုတ်ပါ၊ ဘုရားသခင်၏ အမျက်တော်ကြောင့် ဖြစ်လာရသည် ဆိုသောအမှန်တရားကို ဖုံးဖိကြဖို့ဖြစ်ပါသည်။ သေခြင်းသည် နေရာတိုင်းတွင်၊ အမြဲတမ်းပင် မျှော်လင့်ခြင်းအားလုံး ချုပ်ငြိမ်းရာဖြစ်ပါသည်။ မကြာခင်ရောက်လာသော ရန်သူဖြစ်ပါသည်။ သေခြင်းတွင်၊ ဘုရားသခင်၏တရားစီရင်ခြင်းဖြင့်၊ လုပ်ဆောင်မှုအားလုံး၊ မျှော်လင့်ခြင်းအားလုံးတို့သည် မပြည့်မစုံ၊ မကျေမနပ် ချန်ထားရသည်ချည်းဖြစ်ပါသည်။

ယုံကြည်သူအတွက် ယုံကြည်ခြင်းဖြင့်သာ သေခြင်းကို ကြည့်နိုင်ရပါသည်၊ သို့သော်လည်း မလွယ်ကူလှပါ။ သေခြင်းနှင့်ရင်ဆိုင်ရသောအခါ၊ ယုံကြည်ခြင်းသည်လည်း ရုန်းကန်ရပါသည်၊ တိုက်ပွဲဝင်ရပါသည်၊ ကျော်လွှားနိုင်ဖို့အားထုတ်ရပါသည်၊ သို့သော် အမြဲတမ်း အောင်ပွဲသို့ ရောက်ပါသည်။ မိမိဩတ္တပ္ပစိတ်ထဲတွင်ရှိနေသည့် အပြစ်တို့ကြောင့်၊ ဘုရားသခင်၏သားသမီးတယောက်သည် သေခြင်းကို ရင်ဆိုင်နိုင်ရန် ခရစ်တော်၏အသေခံပေးခြင်းဆိုသော ယဇ်ပူဇော်ခြင်းနှင့် သေခြင်းကို အောင်နိုင်ပြီးဖြစ်မှုတို့အပေါ် အားကိုး၍ရပါသည် ဆိုခြင်းကို ဆက်၍ယုံကြည်ခြင်းဖြင့် ကြည့်မြင်ရမည်ဖြစ်သည်၊ သူ၏နှလုံးသားအားလုံးနှင့် သေခြင်းသည် အောင်နိုင်ခြင်းထဲတွင် ဝါးမြိုခြင်းခံခဲ့ရပြီးဖြစ်ကြောင်း ယုံကြည်ရပါသည်။

သေခြင်းသည် ယုံကြည်သူတို့အတွက် အောင်နိုင်ပြီးဖြစ်ပါသည်။ သေခြင်းက ခရစ်တော်ကို ဆွဲမထားနိုင်ခဲ့ပါ (တမန် ၂း၂၄)။ သေခြင်း၏အဆိပ်(ဖျက်ဆီးနိုင်ခြင်းစွမ်းအား)သည် အပြစ်ဖြစ်သည် (၁ကော ၁၅း၅၆)၊ ခရစ်တော်၌ သူ့ကိုယ်ပိုင်အပြစ် မရှိပါ။ ကြားဝင်ဖြန်ဖြေပေးသူအနေနှင့် အပြစ်များကို သူ့အပေါ်ယူဆောင်ခြင်းသာဖြစ်ပါသည်၊ ထိုယူဆောင်သောအပြစ်တို့အတွက် အဆုံးစွန်သော တန်ဖိုးကို ပေးဆပ်ပေးပါသည်။ သူသည် ဆန္ဒရှိစွာဖြင့် မိမိကိုယ်ကို သေခြင်း၏တန်ခိုးထဲသို့ ရောက်စေပါသည်၊ ၄င်း၏အဆုံးစွန်သော စွမ်းအားကို သူ့ထံသို့ ပြုစေပါသည်၊ သို့သော် သေခြင်းက သူ့ကို ဘာမှမလုပ်နိုင်ခဲ့ပါ၊ မနိုင်ခဲ့ပါ၊ အဘယ့်ကြောင့်ဆိုသော်သူသည် ဘုရားသခင်၏သားတော်ဖြစ်ပါသည်၊ သန့်ရှင်းသော ဘုရားသခင်ဖြစ်တော်မူပါသည်။ ဂျွန်အိုဝင် ဆိုသော ပျူရီတန်ပညာရှင်က လှပစွာပြောခဲ့သလို၊ သူ၏သေခြင်းသည် “သေခြင်း၏သေခြင်း”သာဖြစ်ပါသည်။ ခမည်းတော်က သူ့အားပေးထားသောသူတိုင်းအတွက်ဖြစ်သည်။

ထို့အတွက် ပေါ်လာသောမေးခွန်းမှာ “သေခြင်းသည် အောင်နိုင်ခြင်း၏ဝါးမြိုခံရပြီဖြစ်လျှင်၊ ယုံကြည်သူတို့ အဘယ့်ကြောင့် သေရပါသေးသနည်း?” (သို့) ကျွန်တော်တို့၏ ဟိုက်ဒဲလ်ဘာ(ဂ်)အမေးအဖြေများက မေးသလို မေးရလျှင် “သခင်ခရစ်တော် ကျွန်ုပ်တို့အတွက်သေခဲ့လျှင် ကျွန်ုပ်တို့ အဘယ်ကြောင့် သေရသေးသနည်း?” အမေးအဖြေက ပေးသောအဖြေသည် ကျမ်းစာ၏ အခြေပြင်ဖြစ်ပါသည်၊ “ကျွန်ုပ်တို့၏သေခြင်းသည် ကျွန်ုပ်တို့၏အပြစ်များအတွက် ကျေနပ်စေခြင်းမဟုတ်ပါ၊ အပြစ်များအားဖျက်သိမ်းခြင်းသာ ဖြစ်သည်။ ထာဝရအသက်ဝင်စားဖို့ရန် လမ်းအကူးတခုသာဖြစ်၏။” (ယော ၅း၂၄၊ ဖိ ၁း၂၃)

မည်မျှ အံ့ဩစရာကောင်းလှပါသနည်း? ငရဲနှင့်ပျက်သုန်းရခြင်းတို့သို့သာ အမြဲတမ်းဖွင့်ထားတတ်သည့် မှောင်မိုက်သောတံခါးတို့သည်၊ ယခုအခါတွင် ယုံကြည်သူတို့အတွက် ဘုန်းကြီးလှသော ကောင်းကင်ဘုံနှင့် ဆိုသည့်အသက်ရှင်ခြင်းသို့ ဖွင့်ထားလျှက်ရှိနေခဲ့ပြီ။ ထို့ကြောင့် “ခရစ်တော်က ငါတို့အစား ပြုလုပ်ပေးသော အောင်နိုင်ခဲ့ပြီးခြင်းကို အပြည့်အဝပေါ်ပြနိုင်ဖို့ ငါတို့ သေဖို့လိုပါသည်”ဟု ပြောခြင်းသည် မမှားသောအပြောဖြစ်ပါသည်။ သေခြင်းသည် အပြစ်အားလုံး၏ နိဂုံးချုပ်ခြင်းဖြစ်သည်။ အသေအချာပြောရလျှင်၊ ဘုန်းကျက်သရေသို့ ဝင်ပေါက်ဖြစ်သည်၊ ထို့အပြင် သေခြင်းသည် အမှန်ပင် ဝါးမြိုခြင်းခံခဲ့ရပြီးကြောင်း သက်သေလည်းဖြစ်ပါသည်။

ထို့အတူ ယုံကြည်သူက "အသက်ရှင်လျှင် ငါတို့သည် သခင်ဘုရားထံသို့ ရှင်ကြသည်၊ သေလျှင်လည်း ငါတို့သည် သခင်ဘုရားထံသို့သေကြသည်၊ ငါတို့ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ငါတို့ကို သခင်ဘုရားကသာ ပိုင်ဆိုင်ပါသည်"(ရောမ ၁၄း၈)ဟုလည်း ပြောနိုင်ပါသည်။ သေခြင်းရောက်လာသော် သင်၏ခံယူယုံကြည်ချက်သည်လည်း ထိုသို့ပင် ဖြစ်ပါမည်လော?

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++

သုတ္တံ ၁၇း၁–၂၈ (ဂျိန်းဘုရင်မူ)
၁ – အေးငြိမ်းခြင်းနှင့်အတူ မုန့်ခြောက်တစုကိုစားရခြင်းသည်၊ တအိမ်လုံးပြည့် ယဇ်ပူဇော်ခြင်းများကို ရန်ဖြစ်ခြင်းနှင့်အတူ စားရခြင်းက ပိုကောင်းပါသည်။
၂ – ပညာရှိသောအစေခံက အရှက်ကွဲစေသောသားအပေါ် အုပ်သိုးရလိမ့်မည်၊ ထို့အပြင် ညီအကိုတို့အကြား၌ အမွေကိုလည်း ခံရလိမ့်မည်။
၃ – ငွေသတ္တုအတွက် သန့်စင်ရန်ကြိုချက်သောအိုးရှိသည်၊ ရွှေအတွက် မီးဖိုရှိသည်၊ သို့သော် ဘုရားသခင်သည် နှလုံးသားတို့ကို စစ်ဆေးပါသည်။
၄ – ဆိုးညစ်ခြင်းကိုလုပ်သောသူသည် မှားသောနှုတ်ခမ်းတို့ကို ဂရုပြုတတ်ပါသည်၊ ထို့အတူ လိမ်ညာသူသည်လည်း ညစ်တီးညစ်ပတ် ပြောသောလျှာကို နားထောင်ချင်ပါသည်။
၅ – ဆင်းရဲသူကို လှောင်ပြောင်သူသည် သူ၏ဖန်ဆင်းရှင်ကို ကဲ့ရဲ့သူဖြစ်သည်၊ အခြားသူဒုက္ခအခက်အခဲများထဲရောက်ချိန် ဝမ်းမြောက်သူသည် အပြစ်ဒဏ်စီရင်ခံရခြင်းမှ မလွတ်ရ။
၆ – သားသမီးတို့၏သားသမီးတို့သည် အိုသောသူတို့၏သရဖူဖြစ်သည်၊ ထို့အတူ သားသမီးတို့၏ဂုဏ်ကျက်သရေသည်လည်း သူတို့ ၏ ဖခင်တို့ဖြစ်ပါသည်။
၇ – ကြီးမြတ်သော မိန့်ခွန်းပြောကြားခြင်းသည် လူမိုက်တို့အတွက် မသင့်တော်ပါ၊ ထို့ထက်မလျော့စွာပင် လိမ်ညာသောလျှာတို့သည် မင်းညီမင်းသားအတွက် ဖြစ်ပါသည်။
၈ – လက်ဆောင်သည် ၎င်းကိုလက်ခံရသူ၏မျက်လုံးတို့တွင် တန်ဖိုးကြီးလှသောကျောက်တုန်းကဲ့သို့ဖြစ်သည်၊ ၎င်းသွားသည့် မည်သည့်နေရာတိုင်း၌မဆို ကြီးပွားအောင်မြင်သည်။
၉ – ကျူးလွန်ခြင်းကို ဖုံးအုပ်သူသည် ချစ်ခြင်းကို ရှာသူဖြစ်ည်၊ သို့သော် တခုတည်းသောအကြောင်းကို ထပ်ခါထပ်ခါလုပ်သူသည် တကယ့်သူငယ်ချင်းများကိုပင် ကွဲပြားစေပါသည်။
၁၀ – ပြစ်တင်ဆုံးမခြင်းသည်၊ လူမိုက်ထံသို့ ရာပေါင်းများစွာသောကြိမ်ဒါဏ်ထက်၊ ပညာရှိထံသို့ ပို၍ဝင်ရောက်ပါသည်။
၁၁ – ဆိုးညစ်သူသည် ပုန်ကန်ခြင်းကိုသာ ရှာဖွေပါသည်၊ ထို့ကြောင့် ရက်စက်သောတမန်သည် ထိုသူ့ကိုဆန့်ကျင်ရန် လွှတ်လိမ့်မည်ဖြစ်သည်။
၁၂ – မိမိကလေးများကို လုယူခံရသော ဝက်ဝံမကြီးကို လူတဦးအားတွေ့စေခြင်းက၊ လူမိုက်တဦးအား သူ၏မိုက်မဲခြင်းများနှင့်အတူ တွေ့ရခြင်းထက် ပိုကောင်းပါသည်။
၁၃ – ကောင်းမြတ်ခြင်းကို ဆိုးညစ်ခြင်းဖြင့် ပြန်ဆပ်သူတိုင်း၊ ဆိုးညစ်ခြင်းသည် ထိုသူ့အိမ်မှ ထွက်လိမ့်မည်မဟုတ်။
၁၄ – ရန်ဖြစ်ခြင်း၏အစပျိုးသည် တစုံတဦးက ရေများကို စီးထွက်လာစေသည်နှင့်တူပါသည်၊ ထို့ကြောင့် ခွန်းကြီးခွန်းငယ်ပြောဆိုခြင်းကို စွန့်ပစ်ပါ၊ ထိုအရာက သင်နှင့်အတူ ရောနှောမသွားခင်ဖြစ်သည်။
၁၅ – ဆိုးယုတ်သူကို မှန်သည်ဟုထောက်ခံသူ၊ ဖြောင့်မှန်သူကို ပြစ်ဒါဏ်စီရင်သူ၊ နှစ်ဦးစလုံးသည် ဘုရားသခင့်ထံ၌ စက်ဆုပ်ရွံရှာဖွယ်ဖြစ်ကြသည်။
၁၆ – သူထံတွင် ဉာဏ်ပညာအတွက် စိတ်နှလုံးမရှိသည်ကို တွေ့နေရလျှက်နှင့်၊ ၎င်းကိုရရန်ဟု လူမိုက်၏လက်ထဲတွင် အဘယ့်ကြောင့် ပညာ၏တန်ဖိုးသည် ရောက်နေပါသနည်း?
၁၇ – သူငယ်ချင်းသည် အချိန်တိုင်း၌ ချစ်ပါသည်၊ ထို့အတူ ညီအကိုသည်လည်း ဘေးအန္တရယ်အတွက် မွေးလာခြင်းဖြစ်သည်။
၁၈ – နားလည်ခြင်းကင်းမဲ့သူသည် လက်ဝါးခြင်းရိုက်တတ်ပါသည်၊ ထို့အတူ သူ၏သူငယ်ချင်းရှေ့တွင် အာမခံသူဖြစ်လာပါသည်။
၁၉ – ရန်ဖြစ်ခြင်းကို ချစ်သောသူသည် အပြစ်ကျူးလွန်ခြင်းကိုလည်း ချစ်ပါသည်၊ ထို့အတူ မိမိအိမ်တံခါးဝကို ချီးမြှောက်သူသည် ပျက်ဆီးခြင်းကိုရှာဖွေသူဖြစ်ည်။
၂၀ – ကွေ့ကောက်သောနှလုံးသားရှိသူသည် ကောင်းမြတ်ခြင်းကို ရှာ၍မတွေ့နိုင်ပါ၊ ထို့အတူ လွဲမှားသောလျှာရှိသူသည်လည်း ဒုက္ခဆင်းရဲခြင်းများထဲသို့ ကျရောက်တတ်ပါသည်။
၂၁ – လူမိုက်ကိုမွေးဖွားသူသည် မိမိဝမ်းနည်းဖို့ပြုသောသူဖြစ်သည်၊ ထို့အတူ လူမိုက်၏ဖခင်သည်လည်း ဝမ်းမမြောက်နိုင်ပါ။
၂၂ – ပျော်ရွှင်သောနှလုံးသားသည် ဆေးဝါးကဲ့သို့ ကောင်းခြင်းကိုပြုလုပ်ပေးပါသည်၊ သို့သော် ကျိုးပျက်နေသောဝိညာဉ်ကမူ အရိုးတို့ကို သွေ့ခြောက်စေပါသည်။

၂၃ – ဆိုးညစ်သူက တရားစီရင်ခြင်းလမ်းတို့ကို လွဲသွားရအောင် ရင်ဘတ်ထဲမှလာသောလက်ဆောင်ကို လက်ခံပါသည်။
၂၄ – ဉာဏ်ပညာသည် နားလည်ခြင်းရှိသူ၏ ရှေ့တွင်ရှိနေပါသည်၊ သို့သော် မိုက်မဲသူ၏မျက်လုံးတို့မှာမူ ကမ္ဘာ၏အဆုံးသတ်တို့တွင် ရှိနေကြပါသည်။
၂၅ – မိုက်မဲသောသားသည် သူ့ဖခင်အတွက် ပူဆွေးသောကဖြစ်သည်၊ ထို့အတူ သူ့အားမွေးဖွားသူ မိခင်အတွက် ခါးသီးခြင်းဖြစ်သည်။
၂၆ – ဖြောင့်မတ်သူကို အပြစ်ဒဏ်စီရင်ခြင်း မကောင်းသလို၊ မင်းညီမင်းသားများကိုလည်း သူတို့၏တရားမျှတမှုအတွက် ရိုက်နှက်ခြင်းသည်လည်း မကောင်းပါ။
၂၇ – အသိပညာရှိသူသည် သူ၏စကားလုံးတို့ကို ချွေတာပါသည်၊ ထို့အတူ နားလည်တတ်သောသူ၌ ကြီးမြတ်သောဝိညာဉ် ရှိပါသည်။
၂၈ – လူမိုက်သည်ပင် တိတ်ဆိတ်စွာနေသောအခါ၊ ပညာရှိဟု မှတ်ယူခံရပါသည်၊ ထို့အတူ မိမိနှုတ်ခမ်းတို့ကို ပိတ်ထားသောသူသည်၊ နားလည်သောသူဟု မှတ်ယူခံရပါသည်။

××××××××××××××××××××××

ကောလောသဲ ၁း၁–၂၉ (ဂျိန်းဘုရင်မူ)
၁ – ပေါလ်၊ ဘုရားသခင်၏အလိုတော်အားဖြင့် ယေရှုခရစ်၏တမန်တော်ဖြစ်သူနှင့် တိမောသေယပ်စ် ငါတို့ညီအကိုတို့က၊
၂ – ကော်လောဆားမြို့၌ရှိကြသော သန့်ရှင်းသူတို့နှင့် ခရစ်တော်၏ သစ္စာရှိသောညီအကိုတို့ထံ ရေးလိုက်ပါသည်၊ ငါတို့၏ဖခင် ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့ထံ၌ ရှိပါစေသတည်း။
၃ – ငါတို့သည် ဘုရားသခင်ထံနှင့် ငါတို့သခင်ယေရှုခရစ်၏ဖခင်ဖြစ်သူထံ ကျေးဇူးတင်ခြင်းကို အမြဲပြုကြပါသည်၊ သင်တို့အတွက်လည်း အမြဲဆုတောင်းကြပါသည်၊
၄ – သင်တို့၏ ယေရှုခရစ်ထံ ယုံကြည်ခြင်းနှင့် သန့်ရှင်းသူအားလုံးတို့ထံ ချစ်ခြင်းအကြောင်းတို့ကို ကြားရသဖြင့်ဖြစ်သည်၊
၅ – အဘယ့်ကြောင့်ဆိုသော် သင်တို့အတွက် ကောင်းကင်ဘုံ၌ ထားရှိသောမျှော်လင့်ခြင်းအကြောင်းကို သင်တို့သည် ဧဝံဂေလိအမှန်တရား၏ စကားလုံးများအားဖြင့် ကြားခဲ့ပြီးဖြစ်ပါသည်၊
၆ – ထိုစကားသည် တကမ္ဘာလုံးသို့ရောက်သကဲ့သို့ သင်တို့ထံလည်း ရောက်လာပါသည်၊ ထို့နောက် အသီးအပွင့်ကို ဖြစ်ပေါ်လာစေသည်၊ ၎င်းကိုကြားသောနေ့ကစ၍ သင်တို့အထဲ၌ ဖြစ်စေခဲ့သကဲ့သို့ဖြစ်သည်၊ ထို့အတူ ဘုရားသခင်၏ကျေးဇူးတော်ကို အမှန်တရားထဲ၌ သိခဲ့ကြပါသည်၊
၇ – သင်တို့သည်လည်း ထိုအကြောင်းကို ငါတို့၏ချစ်လှစွာသော လုပ်ဖော်ကိုင်ဖက်၊ သင်တို့အတွက်မူ သစ္စာရှိသော ခရစ်တော်၏ အမှုတော်ဆောင်ဖြစ်သူ ပေါဖရာ့စ်ထံမှ သင်ယူခဲ့ကြသကဲ့သို့ဖြစ်သည်၊
၈ – သူက သင်တို့၏ ဝိညာဉ်တော်၌ရှိသော ချစ်ခြင်းအကြောင်းကို ငါတို့ထံသို့လည်း ကြေညာပါသည်။
၉ – အဘယ့်ကြောင့်ဆိုသော် ထိုအမှုအတွက်ကြောင့် ငါတို့သည်လည်း၊ ကြားသည့်နေ့မှစ၍၊ မပြတ်တမ်း သင်တို့ဘို့ ဆုတောင်းကြပါသည်၊ သင်တို့သည် သူ၏အလိုတော်ကို သိခြင်းအသိပညာဖြင့် အားလုံးသောဉာဏ်ပညာ၌၎င်း၊ ဝိညာဉ်ရေးရာ နားလည်သဘောပေါက်ခြင်း အားလုံးတို့ဖြင့်၎င်း ပြည့်နိုင်ကြရန် လိုချင်ဆန္ဒနှင့် တောင်းကြပါသည်၊
၁၀ – ထို့သို့ဖြင့် သင်တို့သည် သခင်ဘုရား၏ ကျေနပ်စေခြင်းအားလုံးသို့ ထိုက်တန်စွာ လျှောက်လှမ်းနိုင်ကြပါမည်၊ ကောင်းသောအလုပ်တိုင်း၌ သီးပွင့်ကြလျှက်၊ ဘုရားသခင်အားသိခြင်းအသိပညာတွင် တိုးတက်နိုင်ကြပါမည်၊
၁၁ – သူ၏ ဘုန်းကျက်သရေပြည့်ဝလှသော တန်ခိုးတော်အရ အားလုံးသောအားကြီးခြင်းဖြင့် ခွန်အားရှိကြလျှက်၊ အားလုံးသော စိတ်ရှည်ခြင်း၊ သည်းခံခြင်းတို့ကို ဝမ်းမြောက်ခြင်းနှင့်အတူ ပြုနိုင်ကြပါမည်၊
၁၂ – ခမည်းတော်ထံသို့ ကျေးဇူးတင်ခြင်းများကို ပြုနိုင်ကြပါမည်၊ သူသည် ငါတို့ကို အလင်း၏ သန့်ရှင်းသူတို့၏ အမွေကို ခံယူနိုင်ကြသူများဖြစ်ရန် ပြုလုပ်ပေးပါသည်၊
၁၃ – ငါတို့ကို အမိုက်မှောင်၏တန်ခိုးမှ ကယ်နှုတ်သူလည်းဖြစ်သည်၊ ထို့နောက် ငါတို့ကို သူ၏ချစ်လှစွာသော သားတော်၏နိုင်ငံသို့ ပြောင်းလဲပစ်လိုက်ပါသည်၊
၁၄ – သူ၏အသွေးတော်အားဖြင့် ငါတို့သည် ကယ်တင်ခြင်းကိုရကြခြင်းဖြစ်သည်၊ အပြစ်များမှ ခွင့်လွှတ်ခံရခြင်းကိုလည်း ရကြသည်၊
၁၅ – သူသည် မမြင်နိုင်သော ဘုရားသခင်၏ ပုံသဏ္ဍာန်ဖြစ်သည်၊ သက်ရှိသတ္တဝါတိုင်း၏ သားဦးဖြစ်သည်၊
၁၆ – အဘယ့်ကြောင့်ဆိုသော် ဖန်ဆင်းထားသောအရာအားလုံးကို သူ့အားဖြင့် ဖန်ဆင်းပါသည်၊ ကောင်းကင်၌ရှိသောအရာများ၊ မြေကြီး၌ရှိသောအရာများ၊ မြင်ရသောအရာ၊ မမြင်ရသောအရာ၊ ရာဇပလ္လင်များ၊ (သို့) အုပ်စိုးခြင်းများ၊ (သို့) အုပ်စိုးသူများ၊ (သို့) တန်ခိုးများ၊ အားလုံးတို့သည် သူ့အားဖြင့် ဖန်ဆင်းခြင်း ခံကြရသည်၊ သူ့အတွက် ဖြစ်ကြသည်၊
၁၇ – ထို့အပြင် သူသည် အားလုံးမရှိခင်ကပင် ရှိနေသည်၊ အရာအားလုံးသည် သူ့အားဖြင့် ဖြစ်တည်နေကြသည်။
၁၈ – ထို့အပြင် သူသည် ကိုယ်ခန္ဓာဖြစ်သော အသင်းတော်၏ ဦးခေါင်းလည်းဖြစ်ပါသည်၊ အစပျိုးဖြစ်သူ၊ သေသောသူတို့မှ သားဦးဖြစ်သည်၊ ထို့သို့ဖြင့် သူသည် အရာအားလုံးတွင် အားလုံးထက်သာသူ ဖြစ်လာရန်ဖြစ်သည်။

၁၉ – အဘယ့်ကြောင့်ဆိုသော် ခမည်းတော်က သားတော်ထံတွင် ထိုသို့ ပြည့်စုံခြင်းအားလုံး ကျိန်းဝပ်နေရန် သဘာကျတော်မူသည်၊

၂၀ – ထို့အပြင် သူ၏လက်ဝါးကပ်တိုင်အားဖြင့် ငြိမ်းချမ်းရေးကို လုပ်တော်မူသည်၊ သူ့အားဖြင့်ဟု ငါပြောသည့်အခါ၊ မြေကြီးပေါ်ရှိသည့်အရာများ၊ (သို့) ကောင်းကင်၌ရှိသည့်အရာများနှင့် ဖြစ်သည်။

၂၁ – ထို့အပြင် တချိန်တခါက ကင်းကွာနေကြလျှက်၊ စိတ်နှလုံးထဲတွင် ဆိုးညစ်သောအလုပ်များအားဖြင့် ရန်သူများ ဖြစ်နေကြသော သင်တို့နှင့် သူသည် ယခုအခါ ပြန်လည်သင့်မြတ်ခြင်းကို ပြုတော်မူပါသည်၊

၂၂ – သူ့ခန္ဓာကိုယ်၏ အသွေးအသား၌ သေခြင်းဖြင့် ပြုခြင်းဖြစ်သည်၊ သင်တို့ကို သန့်ရှင်းလျှက်၊ အပြစ်တင်ခွင့်ကင်းလျှက် သူ၏ရှေ့တွင် ဆက်သရန်ဖြစ်သည်၊

၂၃ – သင်တို့သည် ယုံကြည်ခြင်း၌ ဆက်လက်၍ အခိုင်အခန့်ရပ်လျှက်၊ အတည်တကျ အခြေချကြလျှင်ဖြစ်သည်၊ သင်တို့ ကြားခဲ့ပြီးဖြစ်သော၊ သင်တို့ထံသို့၊ အခြားသော ကောင်းကင်အောက်၌ရှိကြသည့် ဖန်ဆင်းခံအားလုံးတို့ထံ ဟောကြားခဲ့သကဲ့သို့ ဟောကြားပြီးဖြစ်သော၊ ဧဝံဂေလိတရား၏မျှော်လင့်ခြင်းမှ အဝေးသို့ရွေ့မသွားကြနှင့်၊ ထိုအမှုတော်အတွက် ငါ ပေါလ်သည် အမှုတော်ဆောင်အဖြစ် ပြုလုပ်ခြင်းခံရပါသည်၊

၂၄ – သင်တို့အတွက် ငါ၏ဝေဒနာခံစားရခြင်းများထဲတွင် ဝမ်းမြောက်နေသူ၊ နောက်တွင်ချန်ထားခဲ့သော ခရစ်တော်၏ ဒုက္ခဝေဒနာခံစားရခြင်းများကို ငါ၏အသွေးအသားတွင် အသင်းတော်ဟူသော သူ၏ကိုယ်ခန္ဓာအတွက်ကြောင့် ဖြည့်ပေးသူ၊

၂၅ – သူ့အားဖြင့် ငါသည် အမှုဆောင်တဦးဖြစ်လာပါသည်၊ ဘုရားသခင်၏ခေတ်ကာလပိုင်းခြားမှုအရ၊ သင်တို့အတွက် ငါ့ထံ ပေးအပ်ခြင်းဖြစ်သည်၊ ဘုရားသခင့်နှုတ်ကပတ်တော်ကို ပြည့်စုံစေရန်ဖြစ်ပါသည်၊

၂၆ – နှစ်များစွာမှနေ၍၊ မျိုးနွယ်ဆက်မြောက်များစွာမှနေ၍ ဝှက်ထားသော ထိုနက်နဲသည့်အရာကိုပင်ဖြစ်သည်၊ သို့သော် ယခုတွင် ထိုအရာကို သူ၏သန့်ရှင်းသူများထံ ပေါ်လာစေပြီးဖြစ်သည်၊

၂၇ – သူတို့ထံသို့ ဘုရားသခင်သည် တပါးအမျိုးသားများကြား၌ထားရှိသော ထိုနက်နဲခြင်း၏ ဘုန်းကျက်သရေ၏ ကြွယ်ဝခြင်းများကို သိစေချင်ပါသည်၊

၂၈ – သူ့ကို ငါတို့ ဟောပြောကြသည်၊ လူတိုင်းကို သတိပေးကြသည်၊ လူတိုင်းကို အားလုံးသောဉာဏ်ပညာဖြင့် သင်ပေးကြသည်၊ ထိုသို့ဖြင့် ငါတို့သည် လူတိုင်းကို ယေရှုခရစ်၌ ပြည့်စုံလျှက် ဆက်သနိုင်ကြရန်ဖြစ်သည်၊

၂၉ – ထိုသို့ ငါသည် လုပ်ဆောင်ပါသည်၊ ငါ့အထဲ၌ အားကြီးစွာ လုပ်ကိုင်တော်မူသူ၏ လုပ်ကိုင်ခြင်းအတိုင်း ကြိုးစားအားထုတ်ပါသည်။

++++++++++++++++++++++++++++

## သခင်ဘုရား၏နေ့ (၁၈)

၄၆။ "သူသည် ကောင်းကင်သို့ တက်သည်၊"ဆိုသည့်စကားစုကို သင်မည်သို့နားလည်ပါသနည်း?

ခရစ်တော်သည် တပည့်များမျက်မှောက်၌ ဤကမ္ဘာမှကောင်းကင်သို့ ယူဆောင်ခြင်းကိုခံရသည်။ ထိုအရပ်၌ သေသူနှင့်ရှင်သူများကိုတရားစီရင်ရန် ပြန်လာချိန်ထိ ကျွန်ုပ်တို့အကျိုးအတွက်ရှိနေပါမည်။

(တမန် ၁း၉၊ မာကု ၁၆း၁၉၊ ဟေဗြဲ ၄း၁၄၊ ရော ၈း၃၄၊ ဖေက် ၄း၁၀)

၄၇။ ခရစ်တော်သည် သူကတိထားသည့်အတိုင်း ကျွန်ုပ်တို့နှင့်အတူ ကမ္ဘာအဆုံးတိုင် ရှိနေမည်မဟုတ်ပါလား?

ခရစ်တော်သည် လူသားစစ်စစ်ဖြစ်သလို ဘုရားစင်စစ်လည်းဖြစ်သည်။ လူသားဇာတိအားဖြင့် ဤကမ္ဘာပေါ်တွင် မရှိတော့ပါ၊ သို့သော် သူ၏ ဘုရားသခင်ဖြစ်တော်မူခြင်း၊ ကြီးမြတ်တော်မူခြင်း၊ ကျေးဇူးတော်၊ ဝိညာဉ်တော်တို့ဖြင့် ကျွန်ုပ်တို့ထံမှ မရှိသည့်အချိန် မရှိပါ။ (တမန် ၃း၂၁၊ ယော ၃း၁၃၊ ၁၆း၂၈၊ မဿဲ ၂၈း၂၀)

၄၈။ အကယ်၍ သူ၏လူသားဇာတိသည် ဘုရားဇာတိရှိသည့်နေရာတိုင်းတွင် မရှိလျှင် ခရစ်တော်အထဲမှ ဇာတိနှစ်ခုသည် တခုနှင့်တခု ကွဲပြားနေပါသလား?

မကွဲပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားဇာတိသည် အကန့်အသတ်မရှိ၊ နေရာတိုင်း၌ရှိတော်မူပါသည်၊ ထို့ကြောင့် သူယူဆောင်သောလူသားဇာတိ၏အကန့်အသတ်များထက် ကျော်လွန်ခြင်းသည် မရှိမဖြစ် လိုက်လာရမည်ဖြစ်ပါသည်။ သို့သော်လည်း ထိုလူသားဇာတိထဲ၌ ဘုရားဇာတိသည် ညီညွတ်စွာနှင့် ဆက်လက် တည်ရှိနေပါသည်။

(တမန် ၇း၄၉၊ မဿဲ ၂၄း၃၀၊ ၂၈း၂၀၊ ယော ၁၆း၂၈၊ ၁၇း၁၁၊ ၃း၁၃)

၄၉။ သခင်ခရစ်တော် ကောင်းကင်သို့တက်ကြွခြင်းမှ ကျွန်ုပ်တို့ မည်သည့်အကျိုးကျေးဇူးရရှိသနည်း?

ပထမအနေနှင့် သူသည် ကောင်းကင်ဘုံရှိ သူ၏ခမည်းတော်ရှေ့တွင် ကျွန်ုပ်တို့၏ရှေ့နေဖြစ်၏။ ဒုတိယအနေနှင့်၊ သေချာသောအာမခံအဖြစ် ကျွန်ုပ်တို့၏အသွေးအသားသည် ကောင်းကင်ဘုံ၌ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဦးခေါင်းဖြစ်၍၊ သူ၏အင်္ဂါများဖြစ်သည့် ကျွန်ုပ်တို့ကို သူ့ထံသို့ယူဆောင်မည်ဖြစ်၏။ တတိယအနေနှင့်၊ သူ၏ဝိညာဉ်တော်ကို ကျွန်ုပ်တို့ထံသို့ အာမခံအဖြစ်စေလွှတ်ရာ၊ ထို ဝိညာဉ်တော်၏တန်ခိုးဖြင့် ကျွန်ုပ်တို့သည် "ဘုရားသခင်၏ လက်ျာဖက်၌ထိုင်နေတော်မူသော သခင်ခရစ်တော်ရှိရာအရပ်၊ အထက်အရာများကိုသာ ကျွန်ုပ်တို့ရှာဖွေကြ၏။ ဤလောကအရာများကို မရှာဖွေကြတော့ပါ။"

(ဟေဗြဲ ၉း၂၄၊ ၁ယော ၂း၂၊ ရော ၈း၃၄၊ ယော ၁၄း၁၆၊ ၂ယော ၁း၂၂၊ ၂ကော ၅း၅၊ ကော ၃း၁၊ ဖိ ၃း၂၀)

××××××××××××××××××××××××××××××××××××